[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

စက်တင်ဘာလ ၉၊ ၂၀၂၅ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## ဩဂုတ်လ ၁-၃၁ ရက်နေ့ထိ၊၂၀၂၅ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ – ဇူလိုင်လ ၃၀ရက်၊ ၂၀၂၅ | ဩဂုတ်လ ၁ – ၃၁ရက်၊ ၂၀၂၅ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၆၅၇ | ၃၆ | ၆၉၃ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၇၅ | | ၅၇၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၈၉၄ | ၂၀ | ၉၁၄ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇၈ | | ၁၅၇၈ |
| | ဒီးမော့ဆိုမြို့နယ် | ၆၇၂ | ၃ | ၆၇၅ |
| | မယ်စဲ့မြို့နယ် | ၃၄ | | ၃၄ |
| | ဖယ်ခုံမြို့နယ် | ၇၅၇ | | ၇၅၇ |
| | ဖရူဆိုမြို့နယ် | ၁၅၇ | ၅ | ၁၆၂ |
| | ဘောလခဲမြို့နယ် | ၃၄ | | ၃၄ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၇၆ | ၁၁ | ၁၈၇ |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဇူလိုင်လ ၃၀ ရက်နေ့ အထိ ၂၀၂၅ | IDPs အသစ် ဩဂုတ်လ ၁-၃၁ ရက်၊ ၂၀၂၅ ခုနှစ် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၉၂၃၁၁ | | ၉၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၁၄၄၀၃ | | ၁၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | စုစုပေါင်း | ၂၈၂၆၁၅ | | ၂၈၂၆၁၅ |

စစ်အစိုးရက မော်ချီးကို လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက် အရပ်သား ၃၃ ဦးသေဆုံး၊ ၁၀ ဦး ဒဏ်ရာရ၊ ဒီးမော့ဆိုကို ထိန်းချုပ်ထားနိုင်ကြောင်း လိမ်လည်ကြေညာ

ဇူလိုင် ၃၁ ရက်နေ့ စစ်အစိုးရသည် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကောင်မရှင် ဖွဲ့စည်းကြောင်း ကြေညာသည့် တချိန်တည်းတွင် နိုင်ငံအတွင်း အရေးပေါ်အုပ်ချုပ်ရေးအဖြစ် မြို့နယ် ၆၃ မြို့နယ်ကို ဖော်ပြထားပြီး ထိုမြို့နယ်များအထဲတွင် ကရင်နီပြည်မှ ရှားတော၊ ဖားဆောင်းနှင့် မယ်စဲမြို့နယ်တို့ပါဝင်သည်။ ထုတ်ပြန်ကြေညာချက်၏ နောက်ဆက်တွဲတွင် ၎င်းမြို့နယ်များအား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာမည်ဟု သုံးသပ်နေကြသည်။

တိုက်ပွဲဖြစ်ပွားခြင်းမရှိသည့် ဖားဆောင်းမြို့နယ် မော်ချီးသတ္တုတွင်းအား စစ်အစိုးရမှ အရပ်သားများအပေါ် ပစ်မှတ်ထားပြီး အသေအပျောက်များသော လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်မှု ဖော်ဆောင်ခဲ့သည်။ အဆိုးဆုံးလေကြောင်းတိုက်ခိုက်မှုမှာ ဩဂုတ်လ ၁၇ ရက်နေ့၊ နံနက် ၇နာရီ ၄၅ မိနစ်အချိန်တွင် လိုခါးလိုရပ်ကွက်ကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး အရပ်သားနှစ်ဦး ထိမှန်ဒဏ်ရာရရှိသွား၍ ဆေးရုံအဟောင်းနှင့် နေအိမ်များ ထိမှန်ပျက်စီးသွားခဲ့သည်။ ထို့နောက် နေ့လည် ၁၂ နာရီအချိန်တွင် Y-12 တိုက်လေယာဉ်ဖြင့် ပေါင် ၅၀၀ များဖြင့် ထပ်မံဗုံးကြဲတိုက်ခိုက်ကာ နေအိမ် ၁၀ ခန့်ထိမှန်ပျက်စီးသွားပြီး ကလေးငယ်များအပါအဝင် အရပ်သား ၃၂ ဦးထိမှန်သေဆုံး၊ ၅ ဦး ထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။





စစ်အစိုးရသည် ရွေးကောက်ပွဲမတိုင်ခင် မြို့များအား ပြန်လည်ထိန်းချုပ်နိုင်ရန် စစ်အင်အား၊ လက်နက်အင်အားများစွာဖြင့် စစ်ရေးလှုပ်ရှားခဲ့သည်။ ထိုသို့ စစ်ရေးလှုပ်ရှားမှုများကြောင့် ကရင်နီအမျိုးသားများကာကွယ်ရေးတပ်မှ လွိုင်ကော်–ဒီးမော့ဆို–ဖရူဆို လမ်းမကြီးအား အသုံးမပြုကြရန် ဩဂုတ်လ ၁၀ ရက်နေ့တွင် ထုတ်ပြန်ထားသည်။




ကရင်နီပြည် ဒီးမော့ဆိုမြို့အား အပြည့်အဝပြန်လည်ထိန်းချုပ်လိုက်ကြောင်း စစ်ကောင်စီဘက်မှ ဩဂုတ်လ ၁၉ ရက်နေ့တွင် ထုန်ပြန်လိုက်သည်။ သို့သော်လည်းမြေပြင်တွင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များနှင့် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားဆဲပင်ဖြစ်ပါသည်။ တော်လှန်ရေးတပ်ဖွဲ့များ ထိန်းချုပ်ထားသည့် ဒီးမော့ဆိုမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ကြောင်း ဒီးမော့ဆိုမြို့အဝင် ဆိုဒ်ဘုတ်၊ ငွေတောင်ဆည်၊ မြို့နယ်ခန်းမ၊ ဆေးရုံ၊ အထက်တန်းစာသင်ကျောင်းများရှေ့တွင် ရိုက်ကူးထားသည့် ဓါတ်ပုံနှင့်အတူ စစ်ကောင်စီတပ်များမှ ထုတ်ပြန်ခြင်းဖြစ်သည်။ သို့သော်လည်း မြေပြင်တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသည်ကို ကြည့်ခြင်းအားဖြင့် မြို့၏ ၄၀ ရာခိုင်နှုန်းသာ ထိန်းချုပ်ထားနိုင်ခဲ့သည်။

ဒီးမော့ဆိုမြို့တွင်းတပ်စွဲထားသော စစ်ကောင်စီတပ်များက ဖြတ်သန်းသွားလာသော အရပ်သားပြည်သူများကို ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် အသုံးပြုခြင်း ပစ်ခတ်သတ်ဖြတ်ခြင်းများ လုပ်ဆောင်နေသည်။ သည့်အပြင် အရပ်သားများရှိသော နေရာသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက် ခြင်းအပြင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ လုပ်ဆောင်လာခဲ့၍ အဆောက်အဦးများ၊ ထိခိုက်ဒဏ်ရာ ရရှိမှုများ၊ သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဩဂုတ်လ ၁-၃၁ ရက်နေ့ထိ၂၀၂၅ ခုနှစ်



## ဩဂုတ်လအတွင်း ပဋိပက္ခဖြစ်စဉ်များ

ဩဂုတ်လ ပထမပတ်မှစပြီး စစ်ကောင်စီတပ်များ စစ်ကြောင်းထိုးလာသော ဒီးမော့ဆိုမြို့နှင့် ဖရူဆိုမြို့တို့တွင် နေ့စဉ်ရက်ဆက် လက်နက်ကြီးများပစ်ခတ်ခြင်း နှင့် ဒရုန်းဗုံးကြဲချခြင်းတို့ ပြုလုပ်လျှက်ရှိသည်။

ဩဂုတ်လ ၇ ရက်၊ ညနေ ၆ နာရီခွဲအချိန်တွင် စစ်ကောင်စီတပ်မှ ဒီးမော့ဆိုအနောက်ဘက်ခြမ်းသို့ လက်နက်ကြီး နှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်၍ အရပ်သား နှစ်ဦးထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။ သည့်အပြင် လေယာဉ်ဖြင့်လည်း ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ကာ အဆောက်အဦးများ၊ ဈေးဆိုင်များ ထိမှန်ပျက်စီးသွားခဲ့သည်။

ဩဂုတ်လ ၈ ရက်၊ နံနက် ၁၀ နာရီဝန်းကျင်အချိန်တွင် စစ်ကောင်စီတပ်များသည် ဖားဆောင်းမြို့နယ်အတွင်း လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် အသက် ၁၃ နှစ်အရွယ် ကလေးငယ် ယောကျ်ားလေး ၂ဦးနှင့် အမျိုးသမီးငယ်တစ်ဦးတို့ထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။

ဩဂုတ်လ ၈ ရက်၊ ဒီးမော့မြို့အတွင်း ဖြတ်သွားလာသော ပြည်သူနှစ်ဦးအား စစ်ကောင်စီ၏ ပစ်ခတ်မှုကြောင့် ထိမှန်သေဆုံးသွားခဲ့သည်။ ထို့အပြင် ဒီးမော့ဆိုအရှေ့ဘက်မှ အနောက်ဘက်သို့ ဖြတ်ကူးလာသော အရပ်သားကားနှင့် ကားပေါ်တွင်ပါလာသာ အရပ်သား ၁၅ ဦးကိုလည်း ဖမ်းဆီးလိုက်ပြီး ပြန်လည်လွှတ်ပေးခဲ့သည်။

ဩဂုတ်လ ၁၀ ရက်၊ ဖရူဆိုအခြေစိုက်စစ်ကောင်စီ၏ အမှတ် ၁၄ တန်းမြင့်စစ်လေ့ကျင့်ရေးကျောင်းမှ စစ်ဘေးရှောင်များရှိသော နေရာသို့ လက်နက်ကြီး ၈ လုံးခန့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဩဂုတ်လ ၁၇ရက်၊ မနက် ၇နာရီ ၄၅မိနစ်ဝန်းကျင်နှင့် နေ့လည် ၁၂နာရီ အချိန် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော ဖားဆောင်းမြို့နယ် မော်ချီးဒေသကို စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် ၅နှစ်ကလေးအပါအဝင် ပြည်သူစုစုပေါင်း ၃၂ဦး သေဆုံးခဲ့ပြီး ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် တိုက်နယ်ဆေးရုံဟောင်းအပါအဝင် နေအိမ်အများအပြားကိုလည်း ထိမှန်ပျက်စီးသွားခဲ့သည်။

ဩဂုတ်လ ၁၉ ရက်၊ နံနက် ၆ နာရီ ၁၀ မိနစ်အချိန်တွင် စစ်ကောင်စီတပ်မှ မော်ချီးဒေသ၊ လိုခါးလိုရွာအား ဗုံး၅လုံးဖြင့် တိုက်ခိုက်ခဲ့သည့်အတွက် အမျိုးသားတစ်ဦး ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည်။

ဩဂုတ်လ ၂၀ ရက်၊ နံနက် ၆ နာရီ ၂၀ မိနစ်အချိန်ခန့်တွင် စစ်ကောင်စီတပ်မှ ဖားဆောင်းမြို့နယ် မော်ချီးဒေသကို လေယာဉ်နှင့် ဗုံးခြောက်လုံးဖြင့်တိုက်ခိုက်ခဲ့သည့်အတွက် အသက် ၂၅ နှစ်အရွယ်အမျိုးသားတစ်ဦး ထိမှန်သေဆုံးပြီး အသက်၃၅နှစ်အရွယ်အမျိုးသားတစ်ဦးနှင့် အသက်၁၈နှစ်အရွယ်အမျိုးသမီးတစ်ဦးတို့ ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည့်အပြင် နေအိမ်တစ်လုံး ထိမှန်ပျက်စီးသွားခဲ့သည်။

ဩဂုတ်လ ၂၅ ရက်၊ ဒီးမော့ဆိုအနောက်ဘက်ခြမ်းသို့ စစ်ကောင်စီတပ်မှ လက်နက်ကြီးများဖြင့် အဆက်မပြတ်ပစ်ခတ်မှုကြောင့် လူမှုကူညီရေးကားတစ်စီးထိမှန်ပျက်စီးသွားခဲ့သည်။

ဩဂုတ်လ ၂၆ရက်၊ နံနက်၁နာရီအချိန် ဖရူဆိုမြို့နယ်အတွင်းရှိ စစ်ရှောင်စခန်းတစ်ခုကို စစ်ကောင်စီမှ လေယာဉ်ဖြင့် တစ်ကြိမ်ဗုံးကြဲချပြီး ဒရုန်းဖြင့်ထပ်မံ ဗုံးကြဲချခဲ့ခြင်းကြောင့် စစ်ရှောင်ပြည်သူ ၃ဦးထိခိုက်ဒဏ်ရာရရှိကာ နေအိမ်၃လုံး နှင့် ဘာသာရေးအဆောက်အဦးတစ်လုံးပျက်စီးခဲ့သည်။

ဩဂုတ်လ ၂၆ ရက်၊ ဘောလခဲမြို့နယ် စစ်ဘေးရှောင်စခန်းတစ်နေရာအား စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့၍ အသက် ၄၀ ကျော်အမျိုးသားတစ်ဦး၊ အသက် ၁၆ နှစ်အောက်ယောက်ျားလေးနှစ်ဦးတို့အား ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ဩဂုတ် ၂၉ ရက် နေ့လယ်ပိုင်းခန့်က ပရူဆိုမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတစ်ခုကို စစ်ကောင်စီတပ်က ဒရုန်းဖြင့် တိုက်ခိုက်၍ ထီးသော်ကူကျေးရွာမှ အသက် ၅၀ အရွယ် အမျိုးသားတစ်ဦး သေဆုံးပြီး တဲတစ်လုံး ပျက်စီးခဲ့သည်။

ဩဂုတ်လ ၂၉ ရက်၊ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဒီးမော့ဆို၊ ငွေတောင်ရွာသစ်ကျေးရွှင်တွင် တပ်စွဲထားသော စစ်ကောင်စီတပ်များအား ကရင်နီတော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲအတွင်း စစ်ကောင်စီဘက်မှ ၁၅ ဦးသေဆုံးပြီး တပ်သား ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိကာ လက်နက်ခဲယမ်းအချို့ကိုလည်း တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များမှ သိမ်းဆည်းရမိသည်။

ဩဂုတ်လ ၃၁ရက်၊ ည၇နာရီအချိန်မှစပြီး ဒီးမော့ဆိုမြို့အနောက်ဘက်ခြမ်းရှိ ကျေးရွာများကို စစ်ကောင်စီမှ Y–12 လေယာဉ်ကို အသုံးပြုပြီး ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် ပြည်သူတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com